# အခွန်ထမ်း၏လက်မှတ် မှတ်တမ်း

**(ညွှန်ကြားချက်များကို သေချာစွာ ဖတ်ရှုပေးရန်ဖြစ်ပါသည်။)**

| | | | |
|---|---|---|---|
| **အခွန်ထမ်း၏<br>ကိုယ်ရေးအချက်အလက်** | **က။ အခွန်ထမ်းအမျိုးအစား ►** | ☐ တစ်ဦးချင်းပုဂ္ဂိုလ် ☐ ကုမ္ပဏီ ☐ နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်း<br>☐ အခြေခံသမဝါယမအသင်း ☐ အခြားသမဝါယမအသင်းအဖွဲ့ ☐ အခြားပုဂ္ဂိုလ်စု | |
| | **ခ။ ဘဏ္ဍာရေးနှစ် ►** | ၂၀ -၂၀ | |
| | **ဂ။ အခွန်ကြေညာလွှာအမျိုးအစား ►** | ☐ မူလအခွန်ကြေညာလွှာ ☐ ပြင်ဆင်ချက် အခွန်ကြေညာလွှာ | |
| | **ဃ။ သက်ဆိုင်သည့် အခွန်ကြေညာလွှာများ►** | ☐ ဝင်ငွေကြေညာလွှာ<br>☐ နှစ်ချုပ် ကုန်သွယ်လုပ်ငန်းခွန်ကြေညာလွှာ<br>☐ စုပေါင်းတင်သွင်းသည့် အခြေပစ္စည်းမှ မြတ်စွန်းငွေကြေညာလွှာ<br>☐ ရောင်းချ/လဲလှယ်/လွှဲပြောင်းခြင်းအလိုက် တင်သွင်းသည့်အခြေပစ္စည်းမှ မြတ်စွန်းငွေ ကြေညာလွှာ<br>☐ သုံးလပတ် ကုန်သွယ်လုပ်ငန်းခွန်ကြေညာလွှာ<br>☐ ပထမ ☐ ဒုတိယ ☐ တတိယ ☐ စတုတ္ထ<br>☐ သုံးလပတ် အထူးကုန်စည်ခွန်ကြေညာလွှာ<br>☐ ပထမ ☐ ဒုတိယ ☐ တတိယ ☐ စတုတ္ထ | |
| အမည် | | အခွန်ထမ်း<br>မှတ်ပုံတင်အမှတ် | |
| ဇနီး (သို့) ခင်ပွန်းအမည်<br>အပြည့်အစုံ(အိမ်ထောင်ရှိပါက) | | အခွန်ထမ်း<br>မှတ်ပုံတင်အမှတ် | |
| စာပို့လိပ်စာ<br>(စာပို့သင်္ကေတဖော်ပြပါ) | | | |
| | | | |
| နေရပ်လိပ်စာ | | | |
| | | | |
| | | | |
| ဆက်သွယ်ရန်ဖုန်းနံပါတ် | | အီးမေးလ်လိပ်စာ | |
| အကောက်ခွန် IE Code | | Industry Code<br>လုပ်ငန်းအမျိုးအစား<br>ကုဒ်နံပါတ် | |

| | | | |
|---|---|---|---|
| **ဆောင်ရွက်ခယူ၍ ကြေညာလွှာဖြည့်သွင်းသူ၏ ကတိဝန်ခံချက် ( ဆောင်ရွက်ခယူ၍ ကြေညာလွှာဖြည့်သွင်းသူ မရှိပါက ဤအပိုင်းကို ဖြည့်သွင်းရန်မလိုပါ။)** | | | |
| အထက်ဖော်ပြပါ အီလက်ထရောနစ်ဖိုင်အမည်အတွင်းရှိ အချက်အလက်များသည် ကျွန်ုပ်သိရှိရသောအချက်အလက်အားလုံးအရ မှန်ကန်ပြည့်စုံပါကြောင်း ဝန်ခံလက်မှတ် ရေးထိုးပါသည်။<br>(မှတ်ချက်။ စာရွက်စာတမ်းလိမ်ညာတင်သွင်းခြင်းသည် ရာဇသတ်ကြီးဥပဒေပုဒ်မ ၁၇၇ ချိုးဖောက်ခြင်းဖြစ်သည်။) | | | |
| ဆောင်ရွက်ခယူ၍ ကြေညာလွှာ<br>ဖြည့်သွင်းသူ လက်မှတ် | | ရက်စွဲ(ရက်၊လ၊နှစ်) | |
| ဆောင်ရွက်ခယူ၍ ကြေညာလွှာ<br>ဖြည့်သွင်းသူ အမည် | | အခွန်ထမ်းမှတ်ပုံတင်<br>အမှတ် | |
| လုပ်ငန်းအမည် | | လုပ်ငန်းလိပ်စာ | |
| လုပ်ငန်း၏ အခွန်ထမ်း<br>မှတ်ပုံတင်အမှတ် | | | |
| ဆက်သွယ်ရန်ဖုန်းနံပါတ် | | အီးမေးလ်လိပ်စာ | |

<table>
<tr><td colspan="4">အခွန်ထမ်း(သို့) ကိုယ်စားလှယ်၏ ဝန်ခံချက်</td></tr>
<tr><td colspan="4">အထက်ဖော်ပြပါ အီလက်ထရောနစ်ဖိုင်အမည်အတွင်းရှိ အချက်အလက်များသည် ကျွန်ုပ်သိရှိရသောအချက်အလက်အားလုံးအရ မှန်ကန်ပြည့်စုံပါကြောင်း ဝန်ခံလက်မှတ်ရေးထိုးပါသည်။<br>(မှတ်ချက်။ စာရွက်စာတမ်းလိမ်ညာတင်သွင်းခြင်းသည် ရာဇသတ်ကြီးဥပဒေပုဒ်မ ၁၇၇ ချိုးဖောက်ခြင်းဖြစ်သည်။)</td></tr>
<tr><td>လက်မှတ်</td><td></td><td>ရက်စွဲ(ရက်၊လ၊နှစ်)</td><td></td></tr>
<tr><td>အမည်အပြည့်အစုံ</td><td></td><td>ရာထူး</td><td></td></tr>
</table>

ကုမ္ပဏီ
ရုံးတံဆိပ်

# အခွန်ထမ်း၏ လက်မှတ် မှတ်တမ်းအတွက် ညွှန်ကြားချက်

## ယေဘုယျ ညွှန်ကြားချက်များ

အခွန်ထမ်းများအနေဖြင့် ယင်းတို့၏ အခွန်ကြေညာလွှာကို ပြည်တွင်းအခွန်များဦးစီးဌာနသို့ အီလက်ထရောနစ်နည်းလမ်းဖြင့် အခွန်ကြေညာလွှာတင်သွင်းမှုစနစ်(E-Filing Management System)ကို အသုံးပြု၍ တင်သွင်းရမည်ဖြစ်ပါသည်။ E-Filing စနစ်ဖြင့် အခွန်ကြေညာလွှာ တင်သွင်းမည်ဆိုပါက ပြည်တွင်းအခွန်များဦးစီးဌာန၏ ဝက်ဘ်ဆိုက်(website)ဖြစ်သော www.ird.gov.mm၏ E-Filing Service Login Hereသို့ ဝင်ရောက်ပြီး ကိန်းဂဏန်းများဖြည့်သွင်း၍တင်သွင်းခြင်းနှင့် ပုံစံဖြည့်သွင်းနိုင်သော ပီဒီအက်ဖ်ဖိုင်(Fillable PDF)တွင် Offline ဖြည့်သွင်းပြီး စနစ်အတွင်း File upload ပြုလုပ်၍တင်သွင်းခြင်း စသဖြင့် ဆောင်ရွက်နိုင်ပါသည်။

အီလက်ထရောနစ်နည်းလမ်းဖြင့် အခွန်ကြေညာလွှာတင်သွင်းမှုစနစ်(E-Filing Management System)ကို အသုံးပြု၍ အခွန်ကြေညာလွှာတင်သွင်းရာတွင် အခွန်ကြေညာလွှာ တစ်ခုချင်းစီအတွက် ဖော်ပြထားသည့် ညွှန်ကြားချက်များအတိုင်း လိုက်နာဖြည့်သွင်းရန် လိုအပ်ပါသည်။

ပုံစံဖြည့်သွင်းနိုင်သော ပီဒီအက်ဖ်ဖိုင်(Fillable PDF)များကို ပြည်တွင်းအခွန်များဦးစီးဌာနသို့ အီးမေးလ်(e-mail)အသုံးပြု၍ ကြေညာလွှာတင်သွင်းခြင်းကို လက်ခံဆောင်ရွက်မည်မဟုတ်ပါ။

ပြည်တွင်းအခွန်များဦးစီးဌာနသို့ ပေးအပ်ထားသော အီလက်ထရောနစ်ဖိုင်၏မိတ္တူတစ်စုံကို သိမ်းဆည်းထားနိုင်ပါသည်။

ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် အီလက်ထရောနစ်နည်းလမ်းဖြင့် ပေးပို့လာသောကြေညာလွှာများကို ဦးစီးဌာနမှစိစစ်ကာ မှန်ကန်ပြည့်စုံသည့် အီလက်ထရောနစ်ကြေညာလွှာများဖြစ်ပါက လက်ခံရရှိသည့်နေ့အား တင်သွင်းသည့်နေ့ဟုမှတ်ယူမည်ဖြစ်ပြီး ယင်းပေးပို့သည့်နေ့သည် အများပြည်သူရုံးပိတ်ရက်တွင်ကျရောက်ပါက ယင်းနေ့နှင့် နောက်တစ်ဆက်တည်းဖြစ်သော အများပြည်သူရုံးဖွင့်ရက်တွင် လက်ခံရရှိသည်ဟု သတ်မှတ်မည်ဖြစ်ပါသည်။

## အခွန်ထမ်း၏ လက်မှတ် မှတ်တမ်း ပေးပို့ရမည့်အချိန်

အီလက်ထရောနစ်နည်းလမ်းဖြင့် အခွန်ကြေညာလွှာကို တင်သွင်းသည့် အခွန်ထမ်းများအနေဖြင့် ဤ" အခွန်ထမ်း၏ လက်မှတ် မှတ်တမ်း"ပုံစံကို အခွန်ကြေညာလွှာအားလုံးအတွက် ဘဏ္ဍာရေးနှစ် တစ်နှစ်လျှင်တစ်ကြိမ်သာ ပေးပို့ရန်လိုအပ်မည်ဖြစ်ပြီး ဘဏ္ဍာရေးနှစ်စတင်သည့်နေ့မှ သုံးလအတွင်းပေးပို့ရန်နှင့် နှစ်ချုပ်အခွန်ကြေညာလွှာ တင်သွင်းရန် သတ်မှတ်ထားသည့် နောက်ဆုံးရက်ထက် နောက်မကျဘဲ ပေးပို့ရန်ဖြစ်ပါသည်။ သို့ရာတွင်-

- အခွန်ထမ်းလက်မှတ် မှတ်တမ်းပါ ဆောင်ရွက်ခယူ၍ ကြေညာလွှာဖြည့်သွင်းသူ ပြောင်းလဲခြင်း၊ အခွန်ထမ်း သို့မဟုတ် ကိုယ်စားလှယ် ပြောင်းလဲခြင်းရှိပါက ပြောင်းလဲသည့်နေ့မှ (၁၅)ရက်အတွင်း အခွန်ထမ်းလက်မှတ် မှတ်တမ်းကို ထပ်မံပေးပို့ရမည်ဖြစ်ပါသည်။

## အသေးစိတ်ညွှန်ကြားချက်များ

အခွန်ထမ်း၏ ကိုယ်ရေးအချက်အလက်ကဏ္ဍတွင် အောက်ပါတို့ကို ဖော်ပြပါ-

- **အခွန်ထမ်းအမျိုးအစား**
  (သက်ဆိုင်ရာအခွန်ထမ်း အမျိုးအစား တစ်ခုတည်းကိုသာ အမှတ်ခြစ်ဖော်ပြပေးရမည်ဖြစ်သည်။)
- **ဘဏ္ဍာရေးနှစ်**
  (လက်ရှိ ဘဏ္ဍာရေးနှစ်ကိုသာ ဖော်ပြရန်ဖြစ်သည်။)
- **အခွန်ကြေညာလွှာအမျိုးအစား**
  (သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အတွင်း တင်သွင်းရမည့် မူလကြေညာလွှာများဖြစ်ပါက **မူလအခွန်ကြေညာလွှာ**ကို အမှတ်ခြစ်ရန်ဖြစ်ပါသည်။ ပြင်ဆင်ချက်အခွန်ကြေညာလွှာကို တင်သွင်းခြင်းဖြစ်ပါက **ပြင်ဆင်ချက်အခွန်ကြေညာလွှာ**ကို အမှတ်ခြစ်ရန် ဖြစ်ပါသည်။ မည်သည့် ဘဏ္ဍာရေးနှစ်အတွက်မဆို လက်ရှိဘဏ္ဍာရေးနှစ်အတွင်း တင်သွင်းလာသည့် ပြင်ဆင်ချက် အခွန်ကြေညာလွှာများရှိပါကလည်း ဤအခွန်ထမ်းလက်မှတ် မှတ်တမ်းကို အသုံးပြုနိုင်ပါသည်။)
- **သက်ဆိုင်သည့် အခွန်ကြေညာလွှာများ**
  (အီလက်ထရောနစ်နည်းလမ်းဖြင့် တင်သွင်းသည့် သက်ဆိုင်ရာအခွန်ကြေညာလွှာ အမျိုးအစားများကို အမှတ်ခြစ်ဖော်ပြရမည်ဖြစ်ပြီး သုံးလပတ်ကုန်သွယ်လုပ်ငန်းခွန်နှင့် အထူးကုန်စည်ခွန် ကြေညာလွှာများအတွက် တင်သွင်းခြင်းဖြစ်ပါက သက်ဆိုင်ရာသုံးလပတ်များကို ဖော်ပြရန်ဖြစ်ပါသည်။)

### ဆောင်ရွက်ခယူ၍ ကြေညာလွှာဖြည့်သွင်းသူ၏ ကတိဝန်ခံချက်

အီလက်ထရောနစ်နည်းလမ်းဖြင့် အခွန်ကြေညာလွှာတင်သွင်းခြင်းမပြုမီနှင့် ဤပုံစံကိုတင်သွင်းခြင်းမပြုမီ အခွန်ကြေညာလွှာဖြည့်သွင်းရန် သင် အခကြေးငွေ ပေးထားသူ( ဥပမာ။ သင်၏ စာရင်းကိုင် သို့မဟုတ် စာရင်းစစ်ဆေးသူ) အနေဖြင့် ကတိဝန်ခံချက်အပိုင်း၊ စာမျက်နှာ ၁တွင် လက်မှတ်ရေးထိုးရမည်ဖြစ်ပြီး လက်မှတ်ရေးထိုးသည့် ရက်စွဲကိုပါ ဖော်ပြရမည်ဖြစ်ပါသည်။ အကယ်၍ သင်၏ဝန်ထမ်းမှ ဆောင်ရွက်ပါက ဤအပိုင်းတွင် လက်မှတ်ရေးထိုးရန် မလိုအပ်ပါ။
မှတ်ချက်။ စာရွက်စာတမ်းလိမ်ညာတင်သွင်းခြင်းသည် ရာဇသတ်ကြီးဥပဒေပုဒ်မ ၁၇၇ ကို ချိုးဖောက်ခြင်းဖြစ်သည်။

### အခွန်ထမ်း သို့မဟုတ် ကိုယ်စားလှယ်၏ ကတိဝန်ခံချက်

အီလက်ထရောနစ်နည်းလမ်းဖြင့် အခွန်ကြေညာလွှာတင်သွင်းခြင်းမပြုမီနှင့် ဤပုံစံကိုတင်သွင်းခြင်းမပြုမီ ကတိဝန်ခံချက်အပိုင်း၊ စာမျက်နှာ ၂တွင် သင့်အနေဖြင့် လက်မှတ်ရေးထိုးရမည်ဖြစ်ပြီး လက်မှတ်ရေးထိုးသည့် ရက်စွဲကိုပါ ဖော်ပြရမည်ဖြစ်ပါသည်။

- ပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ပါက ထိုပုဂ္ဂိုလ်မှ လက်မှတ်ရေးထိုးရမည်။
- သမဝါယမ အသင်းအဖွဲ့ဖြစ်ပါက ဥက္ကဋ္ဌ (သို့) အတွင်းရေးမှူးမှ လက်မှတ်ရေးထိုးရမည်။
- ကုမ္ပဏီ ဖြစ်ပါက ကုမ္ပဏီ၏ ကိုယ်စားလှယ်၊ အတွင်းရေးမှူး၊ အထွေထွေမန်နေဂျာ(သို့) မန်နေဂျာမှ လက်မှတ်ရေးထိုးရမည်။

- နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းဖြစ်ပါက စီမံရေးရာ (သို့) ငွေစာရင်းဌာနမှ တာဝန်ရှိ ပုဂ္ဂိုလ်တစ်ဦးဦးမှ လက်မှတ်ရေးထိုးရမည်။

မှတ်ချက်။ စာရွက်စာတမ်းလိမ်ညာတင်သွင်းခြင်းသည် ရာဇသတ်ကြီးဥပဒေပုဒ်မ ၁၇၇ ကို ချိုးဖောက်ခြင်းဖြစ်သည်။